The Trusted Taskforce
အဖွဲ့ဝင်လိုအပ်ချက်အားကြေညာခြင်း

ရာထူးအမည်	**: ဖြစ်ရပ်ကူညီပံ့ပိုးသူ/Case Responder (CPCM)**
လိုအပ်သောအရေအတွက်	**: ၁ ဦး**
တာဝန်ထမ်းဆောင်ရမည့်နေရာ	**: ကျောက်တော်(ရခိုင်) ၁ဦး**
လုပ်ငန်းသဘောတူညီမှုအမျိုးအစား	**: သတ်မှတ်ကာလသဘောတူညီမှုအမျိုးအစား**
ကြီးကြပ်ရေးမှူး	**: Regional Focal (ဌာနေတာဝန်ခံ)**
လျှောက်လွှာပိတ်ရက်	**: ၃၁ အောက်တိုဘာ ၂၀၂၆**
	(လျှောက်ထားလိုသောရာထူးနှင့်တာဝန်ထမ်းဆောင်မည့်နေရာအားလျှောက်လွှာတွင် ဖော်ပြရန်လိုအပ်ပါသည်)

အဖွဲ့အစည်း (Triple T)မိတ်ဆက်

အဖွဲ့အစည်းအကြောင်း

The Trusted Taskforce (Triple-T) သည် မြေပြင်ရောက် တုံ့ပြန်ကူညီမှုပေးသော ဒေသခံအဖွဲ့အစည်းတစ်ခု ဖြစ်ပြီး နယ်ပယ်အသီးသီးတွင် အထူးပြုသူ၊ ကျွမ်းကျင်သူ၊ အတွေ့အကြုံရှိ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပါသည်။ အထူးသဖြင့် လူသားချင်းစာနာမှု၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ ရန်ပုံငွေအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ကိုင်ခဲ့သော၊ ပုဂ္ဂလိကအပါအဝင် အကျိုးအမြတ်မယူသောကဏ္ဍများ၌ အတွေ့အကြုံရှိ ဒေသခံ ကျွမ်းကျင်သူများ ပါဝင်ပါသည်။ အဖွဲ့အစည်း၏ အထူးကျွမ်းကျင်မှုနယ်ပယ်များမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ် တုံ့ပြန်အကူအညီပေးရေး၊ အကျိုးသက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ကာကွယ်ရေးနှင့် အကူအညီပေးရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးနှင့် အကာအကွယ်ပေးရေး လုပ်ငန်းများ၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အစီအစဉ်များ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ကုန်ပစ္စည်းနှင့် ပို့ဆောင်ရေးစီမံခန့်ခွဲမှု၊ စောင့်ကြည့်လေ့လာခြင်း၊ ဆန်းစစ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု နှင့် သင်ယူလေ့လာခြင်းဆိုင်ရာ လုပ်ငန်းများ (MERAL)၊ လူစွမ်းအားအရင်း အမြစ်စီမံခန့်ခွဲမှု၊ ဒီဂျစ်တယ်လုံခြုံရေး အပါအဝင် သတင်းအချက်အလက်နှင့် နည်းပညာ စီမံခန့်ခွဲမှု၊ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တည်ဆောက်ခြင်း စသည်တို့ ဖြစ်ပါသည်။

လုပ်ငန်းဆောင်တာများ

Triple-T သည် အဓိကအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖြေရှင်းဆောင်ရွက်မှုများ၊ လူခွင့်အရေး အခြေပြု

အစီအစဉ်များ၊ အရေးပေါ်တုံ့ပြန်မှုများ၊ ဒေသနှင့်ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းရည်နှင့်စနစ်မြှင့်တင်ရေး တို့ကို အထူးဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဒေသခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကွန်ရက်ချဲ့ထွင်ခြင်း၊ ညှိနှိုင်းဆောင် ရွက်ခြင်းနှင့် မိတ်ဖက်ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတစ်ဝှမ်းနှင့် နယ်စပ်ဒေသများတွင် အကူအညီပေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အကျဉ်းချုပ် လုပ်ငန်းတာဝန်များ - ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်ကူညီပံ့ပိုးသူ (Case Responder – CPCM) သည် ထိခိုက်လွယ်ပြီး ပဋိပက္ခဘေးဒဏ်သင့်နေသော ကလေးသူငယ်များနှင့် ၎င်းတို့၏ မိသားစုများအတွက် တိုက်ရိုက်ကွင်းဆင်း၍ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်စီမံဆောင်ရွက်မှုများ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများနှင့် ကလေးသူငယ်များ၏ ကြုံကြုံခံနိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ရမည်ဖြစ်သည်။

CPCM Officer ၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင် လုပ်ကိုင်ရမည့် အဆိုပါရာထူးသည် နေ့စဉ်ကွင်းဆင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည်။ ယင်းလုပ်ငန်းများတွင် ကာကွယ်စောင့်ရှောက်မှု လိုအပ်နေသော ကလေးသူငယ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ကနဦးစိစစ်အကဲဖြတ်ခြင်း၊ ကလေးသူငယ်ကို ဗဟိုပြုသည့် လိုအပ်ချက်နှင့် အန္တရာယ်ဆိုင်ရာ အကဲဖြတ်မှုများ ပြုလုပ်ခြင်း၊ တစ်ဦးချင်းဖြစ်ရပ်ဆိုင်ရာ အစီအစဉ်များ (Individual Case Plans) ရေးဆွဲဆောင်ရွက်ရာတွင် ပံ့ပိုးကူညီခြင်း၊ တိုက်ရိုက်အကူအညီများ ပေးအပ်ခြင်း၊ လုံခြုံစိတ်ချရသော ဝန်ဆောင်မှုလွှဲပြောင်းချိတ်ဆက်မှုများ ပြုလုပ်ခြင်းနှင့် ပုံမှန်နောက်ဆက်တွဲ သွားရောက်တွေ့ဆုံကူညီခြင်းတို့ ပါဝင်သည်။ အဆိုပါလုပ်ငန်းများကို Triple-T ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (CPCM SOPs)၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒများ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများမှ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ (PSEA Guidelines) နှင့် “အကူညီလိုအပ်သူများထိခိုက်နစ်နာမှုမဖြစ်စေရေး” (Do No Harm) အခြေခံမူများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့အပြင် အနိုင်ကျင့်နှိပ်စက်ခံရခြင်း၊ လျစ်လျူရှုခံရခြင်း၊ အမြတ်ထုတ်ခံရခြင်း၊ ကလေးလုပ်သားအဖြစ် ခိုင်းစေခံရခြင်း၊ အတင်းအဓမ္မ စုဆောင်းခေါ်ယူခံရခြင်းနှင့် မူးယစ်ဆေးဝါး သို့မဟုတ် အခြားစိတ်ကိုပြောင်းလဲစေသော ပစ္စည်းများကြောင့် ထိခိုက်မှုရှိသည့် မိသားစုအခြေအနေများကို ရင်ဆိုင်နေရသော ကလေးသူငယ်များအား ကူညီပံ့ပိုးနိုင်ရန် စီမံကိန်းလုပ်ငန်းခွင်များသို့ မကြာခဏ ကွင်းဆင်းသွားလာရမည်ဖြစ်သည်။

ယင်းရာထူး၏ တာဝန်များတွင် ကလေးသူငယ်များအတွက် အဆင်ပြေလုံခြုံသော နေရာများ (Child-Friendly Spaces/Locations) တွင် လုပ်ငန်းများ ဆောင်ရွက်ရာ၌ ပံ့ပိုးကူညီခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကနဦးပြုစုစောင့်ရှောက်ခြင်း (Psychological First Aid – PFA) နှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု (Psychosocial Support – PSS) များ ပေးအပ်ခြင်း၊ ရပ်ရွာစေတနာ့ဝန်ထမ်းများအား လမ်းညွှန်ပံ့ပိုးခြင်း၊ KoboToolbox ကဲ့သို့သော ဒစ်ဂျစ်တယ်ကိရိယာများတွင် ဖြစ်ရပ်ဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းခြင်းနှင့် ကွင်းဆင်းလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများတွင် ကူညီပံ့ပိုးခြင်းတို့လည်း ပါဝင်သည်။

လုပ်ငန်းတာဝန်များ

ကွင်းဆင်းအဆင့် အမှုကိစ္စစီမံဆောင်ရွက်မှုနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ပံ့ပိုးမှု

- ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံရေးလုပ်ငန်းများ၊ ကလေးသူငယ်များအတွက် အဆင်ပြေလုံခြုံသော နေရာများ (Child-Friendly Spaces)၊ ယုံကြည်စိတ်ချရသော ဆက်သွယ်ရေးကွန်ရက်များနှင့် ဒေသခံစေတနာ့ဝန်ထမ်းများမှတစ်ဆင့် အန္တရာယ်ကျရောက်နိုင်ခြေရှိသော ကလေးသူငယ်များနှင့် မိသားစုများကို ကွင်းဆင်းရှာဖွေဖော်ထုတ်ခြင်းနှင့် ကနဦးစိစစ်အကဲဖြတ်ခြင်းများ ဆောင်ရွက်ရန်။
- ကလေးသူငယ်များအတွက် အဆင်ပြေသည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးပြီး ၎င်းတို့အနေဖြင့် သက်သောင့်သက်သာ လွတ်လပ်စွာ ပြောဆိုနိုင်စေရန် စီစဉ်ပေးလျက် စံသတ်မှတ်ထားသော ကိရိယာများကို အသုံးပြု၍ ကလေးသူငယ်ကို ဗဟိုပြုသည့်၊ ကလေးသူငယ်များနှင့် သင့်လျော်သော လိုအပ်ချက်နှင့် အခြေအနေဆိုင်ရာ အကဲဖြတ်မှုများ ဆောင်ရွက်ရာတွင် CPCM Officer အား ကူညီရန်။
- ကလေးသူငယ်များနှင့် ၎င်းတို့၏ ပြုစုစောင့်ရှောက်သူများ ပူးပေါင်းရေးဆွဲထားသော တစ်ဦးချင်းအမှုကိစ္စဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရန်။ ထိုသို့ဆောင်ရွက်ရာတွင် ကျား၊ မ ရေးရာအပေါ် အကဲဆတ်စွာ ထည့်သွင်းစဉ်းစားခြင်းနှင့် မသန်စွမ်းသူများ ပါဝင်နိုင်ရေးတို့ကို မြှင့်တင်ဆောင်ရွက်ရန်။
- အရေးပေါ်ငွေကြေးနှင့် ပစ္စည်းအကူအညီများ၊ ပညာသင်ယူခွင့်ရရှိရေးဆိုင်ရာ အကူအညီများ၊ ဂုဏ်သိက္ခာထိန်းသိမ်းရေးသုံးပစ္စည်းအစုံ (Dignity Kits) ကဲ့သို့သော တိုက်ရိုက်အကူအညီများ ပေးအပ်ရန်။ ထို့အပြင် နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်မှုအောက်တွင် စိတ်ပိုင်းဆိုင်ရာ ကနဦးပြုစုစောင့်ရှောက်ခြင်း (Psychological First Aid – PFA) နှင့် စနစ်တကျ စီစဉ်ထားသော စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု (Psychosocial Support – PSS) လုပ်ငန်းများကို ဆောင်ရွက်ရန်။
- မိဘများ၏ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ကလေးသူငယ်များအား လျစ်လျူရှုမှုကဲ့သို့သော ရှုပ်ထွေးသည့် မိသားစုအခြေအနေများအတွက် ကြားဝင်ကူညီဆောင်ရွက်ရာတွင် လုံခြုံသော၊ ထိပ်တိုက်ရင်ဆိုင်မှုမဖြစ်စေသော၊ ကလေးသူငယ်ကို ဗဟိုပြုသည့် ချဉ်းကပ်နည်းလမ်းများကို အသုံးပြုရန်။
- သတ်မှတ်ချက်များနှင့် မကိုက်ညီသော အမှုကိစ္စများနှင့်ပတ်သက်၍ မေးမြန်းလာမှုများကို ကြီးကြပ်သူ၏ လမ်းညွှန်မှုအောက်တွင် ယဉ်ကျေးစွာ တုံ့ပြန်ဖြေကြားရန်။ အကူအညီရရှိရန် သတ်မှတ်ထားသော စံနှုန်းများကို ပြုစုစောင့်ရှောက်သူများအား ပွင့်လင်းရှင်းလင်းစွာ ရှင်းပြပြီး အခြားသင့်လျော်သော ဝန်ဆောင်မှုများ သို့မဟုတ် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီသူများထံ လုံခြုံစွာ လွှဲပြောင်းချိတ်ဆက် ကူညီရန်။
- ကလေးသူငယ်များအား အတင်းအဓမ္မ စုဆောင်းခေါ်ယူခြင်း၊ ကလေးလုပ်သားအဖြစ် ခိုင်းစေခြင်းနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းကဲ့သို့သော အန္တရာယ်များကို ကာကွယ်တားဆီးရန် ရပ်ရွာလူထု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီရန်။
- CPCM Officer ၏ လမ်းညွှန်ချက်အတိုင်း ကျန်းမာရေးဝန်ဆောင်မှုများ၊ ဥပဒေရေးရာဝန်ဆောင်မှုများ သို့မဟုတ် အထူးပြုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုပေးသူများထံသို့ ဖြစ်ရပ်များကို လုံခြုံစွာ လွှဲပြောင်းချိတ်ဆက်ပေးရာတွင် ပံ့ပိုးကူညီရန်။

- ကလေးသူငယ်များအတွက် သင့်လျော်ပြီး လုံခြုံသော နည်းလမ်းဖြင့် ပုံမှန်နောက်ဆက်တွဲ သွားရောက်တွေ့ဆုံကူညီခြင်းများ ပြုလုပ်ကာ ၎င်းတို့၏ လုံခြုံရေးအခြေအနေနှင့် တိုးတက်မှုများကို စောင့်ကြည့်ရန်။ သတ်မှတ်ထားသော ရည်မှန်းချက်များ ပြည့်မီသည့်အခါ ဖြစ်ရပ်များကို လုံခြုံစွာ ပိတ်သိမ်းနိုင်ရန် ကူညီဆောင်ရွက်ရန်။

ရပ်ရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး ပံ့ပိုးမှု

- ကလေးသူငယ်များအတွက် အဆင်ပြေလုံခြုံသော နေရာများ (Child-Friendly Spaces/Locations)၊ ကလေးစာကြည့်တိုက်များ (Child Libraries) နှင့် ရပ်ရွာအခြေပြု ကြံ့ကြံ့ခံနိုင်စွမ်း လုပ်ငန်းများကို တည်ထောင်ခြင်း၊ ပြင်ဆင်စီစဉ်ခြင်းနှင့် လည်ပတ်ဆောင်ရွက်ခြင်းတို့တွင် ကူညီရန်။
- မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် ရပ်ရွာလူထုဝင်များအတွက် ကလေးသူငယ်အခွင့်အရေးများ (Child Rights)၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (Child Safeguarding) နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများမှ ကာကွယ်ရေး (PSEA) ဆိုင်ရာ အခြေခံအသိပညာပေးအစီအစဉ်များ ပို့ချပေးရာတွင် ပံ့ပိုးကူညီရန်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာကိစ္စရပ်များကို လုံခြုံစွာ ဖော်ထုတ်ခြင်းနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများသို့ လွှဲပြောင်းချိတ်ဆက်ပေးခြင်းတို့တွင် ရပ်ရွာစေတနာဝန်ထမ်းများအား ပံ့ပိုးကူညီခြင်း၊ လမ်းညွှန်သင်ကြားပေးခြင်းနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်ရန်။

အချက်အလက်စီမံခန့်ခွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြခြင်း

- CPCM Officer ၏ ကြီးကြပ်မှုအောက်တွင် စာရွက်စာတမ်းဖြင့် ထိန်းသိမ်းထားသော အမှုကိစ္စမှတ်တမ်းများနှင့် ဒစ်ဂျစ်တယ်မှတ်တမ်းများကို နောက်ဆုံးအခြေအနေအတိုင်း အမြဲပြင်ဆင်ထိန်းသိမ်းရန်၊ တိကျမှန်ကန်စေရန်နှင့် လျှို့ဝှက်ချက်ကို တင်းကျပ်စွာ ထိန်းသိမ်းရန်။
- KOBO Toolbox ကဲ့သို့သော ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို အသုံးပြု၍ ကွင်းဆင်းအချက်အလက်များ စုဆောင်းခြင်းနှင့် ဖြည့်သွင်းခြင်းများ ဆောင်ရွက်ရာတွင် အချက်အလက်များ တိကျမှန်ကန်မှုနှင့် လျှို့ဝှက်ချက်ထိန်းသိမ်းမှုတို့ကို သေချာစေရန်။
- စီမံကိန်း၏ အရည်အသွေးနှင့် တာဝန်ခံမှု ပိုမိုကောင်းမွန်လာစေရန် အကူအညီရရှိသူများ၏ တုံ့ပြန်အကြံပြုချက်များနှင့် ရပ်ရွာလူထု၏ သဘောထားအမြင်များကို စုဆောင်းရန်။
- ပုံမှန်အပတ်စဉ်နှင့် နှစ်ပတ်တစ်ကြိမ် ကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေတင်ပြချက်များ၊ အမှုကိစ္စခြေရာခံစာရင်းများနှင့် ကွင်းဆင်းလေ့လာတွေ့ရှိချက် အစီရင်ခံစာများကို ပြင်ဆင်ပြီး CPCM Officer ထံ တင်ပြရန်။

ကွင်းဆင်းထောက်ပံ့ပို့ဆောင်ရေးနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပံ့ပိုးခြင်း

- Triple-T ၏ ဘဏ္ဍာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကွင်းဆင်းအသုံးစရိတ် ခန့်မှန်းချက်များ၊ ကြိုတင်ငွေတောင်းခံလွှာများနှင့် ကြိုတင်ငွေရှင်းတမ်းဆိုင်ရာ စာရွက်စာတမ်းများ ပြင်ဆင်ရာတွင် ကူညီရန်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသုံး ပစ္စည်းများ (CP Kits)၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပစ္စည်းများနှင့် အရေးပေါ်အထောက်အပံ့ပစ္စည်းများကို ကုန်ကျစရိတ်သက်သာထိရောက်စွာ ဝယ်ယူခြင်း၊ ဖြန့်ဝေခြင်းနှင့် လက်ကျန်ပစ္စည်းစာရင်း စီမံခန့်ခွဲခြင်းတို့တွင် ပံ့ပိုးကူညီရန်။

- ကွင်းဆင်းလုပ်ငန်းများနှင့် သက်ဆိုင်သည့် ငွေကြေးအသုံးစရိတ်ပြေစာများနှင့် အကူအညီပစ္စည်း ဖြန့်ဝေမှုစာရင်းများကို တိကျမှန်ကန်စွာ စုဆောင်း၊ စစ်ဆေးအတည်ပြုပြီး စနစ်တကျ စီစဉ်ထိန်းသိမ်းရန်။

ကာကွယ်စောင့်ရှောက်ရေး၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှုနှင့် လုံခြုံရေး

- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများမှ ကာကွယ်ရေး (PSEA) နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများကို ချိုးဖောက်သည့် မည်သည့်လုပ်ရပ်ကိုမဆို လုံးဝလက်မခံသည့် မူဝါဒ (Zero Tolerance Policy) ကို တင်းကျပ်စွာ လိုက်နာကျင့်သုံးရန်။
- ကွင်းဆင်းခရီးစဉ်များနှင့် နေအိမ်များသို့ သွားရောက်တွေ့ဆုံမှုများအတွင်း Triple-T ၏ ကွင်းဆင်းလုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သွားလာလှုပ်ရှားမှုဆိုင်ရာ လမ်းညွှန်ချက်များနှင့် အန္တရာယ်လျှော့ချရေးအစီအမံများကို တင်းကျပ်စွာ လိုက်နာရန်။

အခြားတာဝန်များ (Other)

- ကြီးကြပ်သူမှ ပေးအပ်သတ်မှတ်သော အခြားလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရန်။

လိုအပ်သော အရည်အချင်းများ (Requirements)

လုပ်ငန်းအတွေ့အကြုံ (Experience)

- လူမှုရေးလုပ်ငန်း၊ ရပ်ရွာလူထုစည်းရုံးလှုံ့ဆော်ရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းဖြန့်ဝေရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများတွင် လက်တွေ့ကွင်းဆင်းလုပ်ငန်းအတွေ့အကြုံ ရှိရမည်။
- ကလေးသူငယ်များအတွက် အဆင်ပြေလုံခြုံသော နေရာများ (Child-Friendly Spaces)၊ ကလေးစာကြည့်တိုက်များ (Child Libraries) တွင် လုပ်ကိုင်ခဲ့ဖူးသော အတွေ့အကြုံ သို့မဟုတ် အရေးပေါ်အခြေအနေများ၊ ပဋိပက္ခဘေးဒဏ်သင့်ဒေသများတွင် အခြေခံစိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု (PSS) နှင့် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုကူညီမှု (PFA) လုပ်ငန်းများ ဆောင်ရွက်ခဲ့ဖူးသော အတွေ့အကြုံရှိသူပိုမိုဦးစားပေးမည်။
- မြန်မာနိုင်ငံအတွင်း ပဋိပက္ခဒဏ်သင့်ဒေသများ၊ ရေကြီးရေလျှံမှု အန္တရာယ်များသော ဒေသများ သို့မဟုတ် နေရပ်စွန့်ခွာတိမ်းရှောင်နေရသော လူမှုအသိုင်းအဝိုင်းများတွင် ကလေးသူငယ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ဝန်ဆောင်မှုလွှဲပြောင်းချိတ်ဆက်မှုများ ဆောင်ရွက်ခြင်း သို့မဟုတ် ဖြစ်ရပ်စီမံဆောင်ရွက်မှုလုပ်ငန်းများကို ပံ့ပိုးခြင်းဆိုင်ရာ အတွေ့အကြုံရှိသူ ပိုမိုဦးစားပေးမည်။
- ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBOs)၊ ဒေသခံခေါင်းဆောင်များနှင့် ထိခိုက်လွယ်သော ရပ်ရွာအုပ်စုများနှင့် ပူးပေါင်းဆက်ဆံလုပ်ကိုင်ခဲ့ဖူးသော အတွေ့အကြုံရှိသူ ပိုမိုဦးစားပေးမည်။

ပညာအရည်အချင်း (Qualifications)

- အနည်းဆုံး အထက်တန်းအောင်လက်မှတ်ရှိသူဖြစ်ရမည်၊ လူမှုရေးလုပ်ငန်း (Social Work)၊ ဖွံ့ဖြိုးရေးလေ့လာမှု (Development Studies)၊ ပြည်သူ့ကျန်းမာရေး (Public Health)၊ လူမှုဗေဒ (Sociology) သို့မဟုတ် သက်ဆိုင်ရာ လူမှုသိပ္ပံဘာသာရပ်များတွင် အထက်တန်းအောင်လက်မှတ်၊ အထက်တန်းလွန်ပညာရေးဆိုင်ရာ လက်မှတ်၊ ဒီပလိုမာ သို့မဟုတ် ဘွဲ့တစ်ခုခု ရရှိထားသူ အထူးဦးစားပေးမည်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (Child Protection)၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စံနှုန်းများ (Child Safeguarding)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများမှ ကာကွယ်ရေး (PSEA) သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုကူညီမှု (PFA) ဆိုင်ရာ သင်တန်းဆင်းလက်မှတ်များ ရှိသူကို အထူးဦးစားပေးမည်။

ကျွမ်းကျင်မှုနှင့် ဗဟုသုတ (Skills and Knowledge)

- ကလေးသူငယ်အခွင့်အရေးများ၊ကလေးသူငယ်ကိုဗဟိုပြုသည့်ချဉ်းကပ်ဆောင်ရွက်မှု၊"အကူညီလိုအပ်သူများ ထိခိုက်နစ်နာမှု မဖြစ်စေရေး" (Do No Harm) အခြေခံမူများ၊ PSEA နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စံနှုန်းများကို ကောင်းစွာနားလည်ထားရမည်။
- ကလေးသူငယ်များနှင့် သင့်လျော်သော ဆက်သွယ်ပြောဆိုနိုင်စွမ်း၊ စာနာနားလည်မှု၊ တက်ကြွစွာ နားထောင်နိုင်မှုနှင့် ကလေးသူငယ်များ၊ ၎င်းတို့၏ ပြုစုစောင့်ရှောက်သူများနှင့် နွေးထွေးဖော်ရွေစွာ ဆက်ဆံနိုင်စွမ်းရှိရမည်။
- အခြေခံကွန်ပျူတာကျွမ်းကျင်မှု (MS Word၊ Excel) ရှိရမည်ဖြစ်ပြီး KOBO Toolbox ကို အသုံးပြု၍ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ကွင်းဆင်းအချက်အလက်များ စုဆောင်းရာတွင် ကျွမ်းကျင်ရမည်။
- မြန်မာဘာသာစကားဖြင့် ကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်ရမည်။ စစ်ကိုင်း၊ ကရင်နီ၊ ရခိုင်နှင့် အပူပိုင်းခြောက်သွေ့ဒေသ (Dry Zone) တို့တွင် အသုံးပြုသော သက်ဆိုင်ရာ ဒေသသုံးဘာသာစကားများ သို့မဟုတ် ဒေသိယစကားများကို ကျွမ်းကျင်ပါက အထူးအားသာချက်ဖြစ်သည်။
- ခက်ခဲသော၊ သွားလာခွင့်ကန့်သတ်ချက်များရှိသော၊ အခြေအနေများ လျင်မြန်စွာ ပြောင်းလဲနေသော ကွင်းဆင်းလုပ်ငန်းပတ်ဝန်းကျင်များတွင် ထိရောက်စွာ လုပ်ကိုင်နိုင်ရမည်။
- လူမှုဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကျွမ်းကျင်မှုကောင်းများရှိရမည်။ မိမိ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကောင်းမွန်မှုကို ကိုယ်တိုင်ဂရုစိုက်ထိန်းသိမ်းရန် (Self-care) အလေးထားပြီး အကြီးတန်းအဖွဲ့ဝင်များထံမှ နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်မှုများကို လက်ခံသင်ယူလိုစိတ်ရှိရမည်။

Triple-T ၏ စံသတ်မှတ်ချက်များ

- အဖွဲ့အစည်း၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ပန်းတိုင်များနှင့် တန်ဖိုးထားမှုများအတွက် ခိုင်မာသောကတိကဝတ်ရှိခြင်း။
- မတူကွဲပြားမှု၊ မျှတမှုနှင့် အားလုံးပါဝင်နိုင်မှုဆိုင်ရာ အခြေခံမူများကို နားလည်သဘောပေါက် လက်ခံကျင့်သုံးခြင်း။
- မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထု၏လိုအပ်ချက်များကို ကူညီဆောင်ရွက်လိုစိတ်ရှိခြင်း။

- လုပ်ငန်းခွင်အမျိုးမျိုး၏ ယဉ်ကျေးမှုအလေ့အထများ၊ ပဋိပက္ခနှင့်ထိခိုက်လွယ်သောအခြေအနေများကို မြန်မြန်ဆန်ဆန် နားလည်သဘောပေါက်နိုင်စွမ်းရှိခြင်း။
- အခြေအနေအလိုက် ပြောင်းလဲလုပ်ကိုင်နိုင်ပြီး စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းနိုင်သည့် ပြောင်းလွယ်ပြင်လွယ်ရှိမှု။
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုအမြတ်ထုတ်မှု၊ အနိုင်ကျင့်မှုနှင့် ကလေးသူငယ်အကာအကွယ်ပေးရေး စသည့် မူဝါဒများကို အပြည့်အဝ လိုက်နာကျင့်သုံးခြင်း။ PSEA နှင့် ကလေးကာကွယ်ရေး မူဝါဒချိုးဖောက်မှုများကို လုံးဝ ခွင့်မပြုခြင်း။

ကျွန်ုပ်တို့သည် အသက်အရွယ် (အနည်းဆုံး ၁၈ နှစ်ပြည့်ရမည်)၊ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်မှု၊ ယုံကြည်မှု၊ လိင်၊ လိင်တိမ်းညွတ်မှု၊ နိုင်ငံသား၊ လူမျိုးရေး သို့မဟုတ် လူမှုဇစ်မြစ်၊ အဆင့်အတန်း၊ မသန်စွမ်းမှု၊ ကိုယ်ဝန်ဆောင်ခြင်း သို့မဟုတ် မိခင်ဘဝ၊ အိမ်ထောင်ရေးအခြေအနေ သို့မဟုတ် အခြားသော ပင်ကိုယ်လက္ခဏာများကို မခွဲခြားဘဲ အလုပ်အကိုင်အခွင့်အလမ်းများ ညီမျှစွာပေးအပ်ပါသည်။

အထူးသတိပြုရန်အချက်။ ။ ဤအလုပ်နေရာအတွက် **မြန်မာနိုင်ငံသားများသာ** လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူများအား အဆင်သင့်ဖြစ်သည့်အချိန်တွင် အဆင့်ဆင့်စိစစ်သတ်မှတ်ပြီး၊ အင်တာဗျူးများကိုစီစဉ်ဆောင်ရွက်ပေးမည်။ အင်တာဗျူးပါသူများကိုသာပြန်လည် အကြောင်းကြားပါမည်။ လျှောက်ထားလိုပါက အမြန်ဆုံးလျှောက်ထားရန် အကြံပြုအပ်ပါသည်။

လျှောက်ထားရန်

စိတ်ပါဝင်စားသူများသည် CV (လျှောက်လွှာ) ကို **hr.recruitment@thetriple-t.org** သို့ပေးပို့နိုင်ပါသည်။